# စတုတ္ထအကြိမ်မြောက် ချင်းအမျိုးသားတပ်ဦး၏ ဒေသကော်မတီများ ညီလာခံ ထုတ်ပြန်ချက်

၁။ စတုတ္ထအကြိမ်မြောက် ချင်းအမျိုးသားတပ်ဦး၏ ဒေသကော်မတီများ ညီလာခံကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်မှ (၁၅) ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပပြီးစီးခဲ့ပါသည်။ ညီလာခံသို့ နိုင်ငံပေါင်း (၁၃) နိုင်ငံမှ ဒေသကော်မတီ ကိုယ်စားလှယ် (၆၇) ဦး တက်ရောက်ခဲ့သည်။

၂။ ညီလာခံတွင် ဒေသကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ တင်သွင်းခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ပြုလုပ်ခဲ့ကြသည့်အပြင် ဒေသကော်မတီများ၏ ဖွဲ့စည်းပုံနည်းဥပဒေ ပြန်လည်သုံးသပ်ခြင်း၊ လက်ရှိတော်လှန်ရေးအခြေအနေ သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဥ်ချမှတ်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

၃။ ချင်းအမျိုးသားတပ်ဦး၏ ချင်းလဲန်တည်ဆောက်ရေးဖော်ဆောင်မှု ပိုမိုအားကောင်းလာစေရေး အတွက် နိုင်ငံတကာရောက် ချင်းလူမျိုးအားလုံး Chinland Club (Diamond Club၊ Gold Club၊ Silver Club) တွင် တက်ကြွစွာ ပါဝင်ပံ့ပိုးကြရန်နှင့် ချင်းအမျိုးသားတပ်ဦး၏ အမျိုးသားတော်လှန်ရေးဆင်နွှဲမှုတွင် စိတ်တူ ကိုယ်တူ မျိုးချစ်ပုဂ္ဂိုလ်များ ရန်ပုံငွေထည့်ဝင်ခြင်းဖြင့် ပါဝင်ပံ့ပိုးကြရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။ ဆယ်စုနှစ် နှစ်ခုနီးပါး ခိုင်မာစွာ ရပ်တည်နိုင်သည့် Chinland Club တွင် အသင်းတော်များ၊ လူငယ်အဖွဲ့များ၊ အမျိုးသမီးအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ထက်သန်စွာ ပါဝင်ပေးရန်နှင့် ဝန်းရံပံ့ပိုးပေးရန် ဤညီလာခံက အထူးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

၄။ ၂၀၂၅ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ တာဝန် ထမ်းဆောင်နေသည့် မလေးရှားနိုင်ငံ၏ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံရေးပဋိပက္ခအဖြေရှာရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။ ဆက်လက်၍ အာဆီယံဥက္ကဋ္ဌ တာဝန်ယူမည့် နိုင်ငံများ

Chin National Front – General Headquarters, Chinland

အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဖက်ဒရယ်ဒီမိုကရေစီစနစ်တည်ဆောက်မှုဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေး ရရှိနိုင်ရေးအတွက် ပိုမိုထိရောက်သော အကူအညီမှုများ ပေးအပ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်
ကွာလာလမ်ပူ
မလေးရှား

Chin National Front – General Headquarters, Chinland